ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

The Republic of the Union of Myanmar

# မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ

# Myanmar Climate Change Policy

2019

## Content


| | |
|---|---|
| Foreword | 2 |
| National circumstances and preamble | 5 |
| Policy Approach | 7 |
| Vision | 13 |
| Purpose | 13 |
| Guiding principles | 14 |
| Policy recommendations | 17 |
| Measures for implementation | 27 |


## မာတိကာ


| | |
|---|---|
| ဥယျောဇဉ် | ၂ |
| နိုင်ငံအခြေအနေ | ၅ |
| မူဝါဒဆိုင်ရာချဉ်းကပ်မှုနည်းလမ်း | ၇ |
| မျှော်မှန်းချက် | ၁၃ |
| ရည်ရွယ်ချက် | ၁၃ |
| မူဝါဒဆိုင်ရာအခြေခံမူများ | ၁၄ |
| မူဝါဒဆိုင်ရာလမ်းညွှန်ချက်များ | ၁၇ |
| အကောင်အထည်ဖော်မည့်နည်းလမ်းများ | ၂၇ |

# Foreword



The Republic of the Union of Myanmar is firmly engaged in a historic process of development, democratization, justice and peace. However, the ability of our country to reach the targets under the Sustainable Development Plan, National Comprehensive Plan, and our peace efforts could be faced an obstacle by observed and future changes in climate.

In the last six decades the country has recorded increased intensity of floods, cyclones, and droughts which have caused immense loss of lives and suffering, damage to infrastructure and assets and economic impacts. In addition, more silent, yet very disruptive, effects of climate change are eroding our society's wellbeing and productive capacities. In particular, the shrinking of



# ဥယျောဇဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် သမိုင်းတွင်ကျန်ရစ်မည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုး တိုးတက်မှုဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ သို့ရာတွင် လက်ရှိကြုံတွေ့နေရပြီးအနာဂတ် ကာလတွင်လည်း ကြုံတွေ့ရဖွယ်ရှိသည့် ရာသီဥတုပြောင်းလဲမှုများသည် ငြိမ်းချမ်းရေးကြိုးပမ်းတည်ဆောက်မှုများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက်များသို့ ရောက်ရှိရေးဆောင်ရွက်ရာတွင် အဟန့်အတား တစ်ခုသဖွယ် ဖြစ်နေပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကာလအတွင်း နိုင်ငံအနှံ့အပြားတွင် ရေကြီး ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် မိုးခေါင်ခြင်းတို့ ပိုမိုပြင်းထန်စွာ ဖြစ်ပွားခဲ့သောကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု၊ လမ်းတံတား ဆက်သွယ်ရေး အပါအဝင် အခြေခံအဆောက်အဦများ ပျက်စီးမှုနှင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ပြင် ပြင်းထန်သော ရာသီဥတု၏ ဆိုးကျိုးသက်ရောက်မှုများသည်

the Monsoon season, the increase in average annual temperatures and the salinization of land in coastal areas are reducing the productivity of agriculture, and consequently livelihood opportunities, which induce many to migrate within Myanmar and abroad. Climate change effects also provoke displacement, both as a result of sudden disasters or, for instance, the loss of land to sea-level rise and erosion, which heighten the potential for conflict and tensions among communities.

All these effects will intensify, according to the latest scientific projections. We must therefore all strive to build climate resilience and a low-carbon society urgently. To this end, we have started to increase our awareness at national, sub-national and local levels on the required adaptation to climate change, while improving our scientific research capacities with new studies and projections and contributing to the global effort with the signature of the historic Paris Agreement in 2015. We have set up institutional coordination mechanisms as well as new policy instruments and capacities. At local levels, initial adaptation measures have started to emerge. All these efforts deserve recognition.



ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၏ ချမ်းမြေ့ သာယာမှု နှင့် ထုတ်လုပ်နိုင်စွမ်းအားများကို ယုတ်လျော့စေပါသည်။ အထူးသဖြင့် မုတ်သုံရာသီ တိုတောင်းလာခြင်း၊ နှစ်စဉ် ပျမ်းမျှအပူချိန် တိုးလာခြင်းနှင့် ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်လာခြင်းတို့သည် စိုက်ပျိုးထုတ်လုပ်နိုင်မှု စွမ်းအားကိုကျဆင်းလာစေပြီး အကျိုးဆက်အားဖြင့် ဒေသခံများ၏ စားဝတ် နေရေးကို ထိခိုက်လာသည့်အတွက် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ ရွှေ့ပြောင်း နေထိုင်မှုများ ရှိလာပါသည်။ သဘာဝဘေးအန္တရာယ် ရုတ်တရက် ကျရောက်ခြင်းကြောင့်သာမက ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း နှင့် မြေဆီလွှာ ပျက်သုဉ်းခြင်းတို့ကြောင့် စိုက်ပျိုးမြေများ လက်လွှတ်ဆုံးရှုံးရခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်ကျရောက်မှု၏ ဆိုးကျိုးများသည် ဒေသခံ ပြည်သူများအကြား ပဋိပက္ခနှင့် မသေချာမရေရာမှုများ ပေါ်ထွက်လာစေသည့် အပြင် ရွှေ့ပြောင်း နေထိုင်မှုများပါ ဖြစ်လာရပါသည်။

သိပ္ပံပညာရပ်ဆိုင်ရာ ကြိုတင်ခန့်မှန်းချက်များအရ ရာသီဥတုပြောင်းလဲမှု ကြောင့် ဆိုးကျိုးသက်ရောက်မှုများသည် ပိုမိုပြင်းထန်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါသည့် လူ့အဖွဲ့အစည်းကို အလျင်အမြန် တည်ဆောက်ကြရမည်ဖြစ်ပါသည်။ သို့ပါ၍ ကျေးလက်ဒေသအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် နိုင်ငံ အဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး အသိပညာမြှင့်တင် ပေးမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ သည် ၂၀၁၅ခုနှစ် သမိုင်းဝင် ပါရီသဘောတူညီချက်၌ ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး တစ်ကမ္ဘာလုံး၏ ကြိုးပမ်းအားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လေ့လာမှုများနှင့် ကြိုတင်ခန့်မှန်းချက်များ ပြုလုပ် ရန် သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။ အဖွဲ့အစည်းများအကြား ညှိနှိုင်းပေါင်းစပ်ရန် ယန္တရားများ တည်ထောင် ဆောင်ရွက်ခြင်း၊ မူဝါဒများရေးဆွဲခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ကို လည်း ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသအဆင့်တွင်လည်း ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး ကနဦး လုပ်ငန်းများကိုလည်း စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤ ကြိုးပမ်းအားထုတ်မှုများ အားလုံးကို အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။

However, we must also realize the extent of the challenge ahead and that to our action must be coordinated, measurable and sustained over time in order to overcome it. Not only the Government of the country, but all institutions, the civil society, the NGOs, the productive forces and sectors, communities and people must contribute to building a resilient country.

The *Myanmar Climate Change Policy* and the related *Myanmar Climate Change Strategy and Master Plan (2018–2030)* as a guiding policy and strategic framework are hereby adopted precisely to ensure that we take concrete, coordinated and sustained action over the long–term to transform Myanmar into a low–carbon and resilient country, which is able to develop in a sustainable manner.

I urge the Government and all Citizens of Myanmar to join hands and share responsibilities in this important endeavor to mainstream the goals of Myanmar Climate Change Policy and Strategy into all sectors at levels of National, State and Regions' development plans, as a matter of national priority.

**H. E. Win Myint**
President
The Republic of the Union of Myanmar



သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကိုလည်း သတိမူရမည့်အပြင် ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များသည် ညှိနှိုင်းပေါင်းစပ်ရေး၊ ရလဒ်ကောင်းများ ထွက်ပေါ်လာရေး နှင့် ရေရှည် တည်တံ့ရေးတို့ လိုအပ်သည်ကို အလေးဂရုပြုရမည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရန် နိုင်ငံတော်အစိုးရသာမက အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကို ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုဒဏ် ခံနိုင်ရည်ရှိကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်နိုင်ရေးအတွက်မူဝါဒ၊ မဟာဗျူဟာ လမ်းညွှန်မှုမူဘောင်များဖြင့် ခိုင်ခိုင်မာမာ အစဉ်တစိုက် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀ ခုနှစ်) တို့ကို အတည်ပြုထုတ်ပြန်လိုက်ပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာ ရည်မှန်းချက် များအား သက်ဆိုင်ရာ ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးမှု အစီအမံများတွင် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်၏ ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် တာဝန်ကိုယ်စီ၊ လက်တွဲညီညီဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံသား အားလုံးကို တိုက်တွန်းအပ်ပါသည်။

ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## National circumstances and preamble

1. The Government of the Republic of the Union of Myanmar has the overarching priority of social and economic development of the country and all of its people. Observed and projected impacts of climate change threaten the achievement of this priority and can potentially reverse Myanmar's recent social and economic development gains.

2. Myanmar is extremely vulnerable to the impacts of climate change and highly exposed to severe weather events such as heavy rains, storm surges, severe droughts, floods, cyclones and landslides which have increased in intensity and frequency over the last 60 years. The increasing severity of weather events and changing weather patterns can be attributed to climate change. Myanmar has also observed the effects of changing climatic patterns on productive systems, in particular in the agriculture sector.

3. Findings from the international scientific community, notably the Intergovernmental Panel on Climate Change (IPCC) confirm that average global temperatures are increasing as a result of the release of anthropogenic greenhouse gases into the atmosphere and project that this trend is likely to continue and increase in the coming decades.



## နိုင်ငံအခြေအနေ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက် လျက်ရှိပါသည်။ လက်ရှိတွင်ကြုံတွေ့နေရပြီး အနာဂတ်ကာလတွင်လည်း ကြုံတွေ့ရနိုင်သည့် ရာသီဥတုပြောင်းလဲမှုများသည် အဆိုပါ ဦးစားပေးဖော်ဆောင်မှုများကို ခြိမ်းခြောက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ လက်ရှိ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုများကို နှောင့်နှေးစေနိုင်ပါသည်။

၂။ မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကာလအတွင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်း၊ ရုတ်ချည်းလှိုင်းကြီးခြင်း၊ မိုးများခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်းနှင့် မိုးခေါင်ခြင်းစသည့် ပြင်းထန်သော မိုးလေဝသ ဖြစ်စဉ်များ ပိုမိုများပြားလာသည့်အပြင် ပိုမိုပြင်းထန်လာပြီး အဆိုပါဖြစ်စဉ်များကြောင့် ရာသီဥတုပြောင်းလဲမှု အလွန်ထိခိုက်ခံစားလွယ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ကို ဖော်ညွှန်းနေပါသည်။ ပြင်းထန်သော မိုးလေဝသဖြစ်စဉ်များတိုးပွားလာခြင်းနှင့် မိုးလေဝသ ပုံစံများပြောင်းလဲလာခြင်းသည် ရာသီဥတုပြောင်းလဲမှု၏ လက္ခဏာများ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုပုံစံ ပြောင်းလဲမှုသည် ကုန်ထုတ်လုပ်မှု စနစ်များအား ထိခိုက်လျက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍအပေါ် ထိခိုက်မှုများစွာရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC) အပါအဝင် နိုင်ငံတကာမှ သိပ္ပံပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ တွေ့ရှိချက်များအရ လူသားတို့လုပ်ဆောင်မှုများမှ လေထုအတွင်းသို့ မှန်လုံအိမ်ဓာတ်ငွေ့များ ပိုမိုထုတ်လွှတ်ခြင်းကြောင့် ကမ္ဘာ့ပျမ်းမျှအပူချိန် တိုးမြင့် ပြောင်းလဲလာကြောင်းနှင့် အဆိုပါဖြစ်စဉ်သည် ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပြီး လာမည့်ဆယ်စုနှစ်များအတွင်း ပိုမိုတိုးမြင့်လာမည်ဟု အတည်ပြု ခန့်မှန်းထားပါသည်။

4. In Myanmar, the most recent climate change projections confirm these increasing and changing temperature and precipitation trends; and related events such as heat waves, droughts and floods; the likelihood of intense tropical cyclones; sea level rise; salinity intrusion; a further shrinking monsoon season among other effects.
5. These effects will likely continue to impact all vital sectors of Myanmar's society and economy and threaten the social and economic development of the country, as it remains vulnerable due to the heavy dependency on climate–sensitive sectors for livelihoods. Also, millions of Myanmar's people are concentrated in regions naturally exposed to severe climatic events, in particular the Central Dry Zone Area, the Delta Region and the Coastal Areas. People living in Hilly regions and Plain lands will also be diversely affected by several effects of climate change.
6. Changes in climate will potentially result in loss of lives, assets and economic capacities, resulting from both extreme rapid and slow–onset disasters, and the effects of changes on agriculture, water availability, natural resources and land.



၄။ မြန်မာနိုင်ငံတွင် အပူချိန်နှင့် မိုးရွာသွန်းမှု အလားအလာမြင့်တက် ပြောင်းလဲလာခြင်းနှင့်အတူ ဆက်စပ်ဖြစ်စဉ်များဖြစ်သည့် အပူလှိုင်းဝင်ရောက်ခြင်း၊ မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းများ၊ အပူပိုင်းဆိုင်ကလုန်း မုန်တိုင်းများ တိုက်ခတ်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်းနှင့် မုတ်သုံကာလ တိုတောင်းလာခြင်းများ ပိုမိုရင်ဆိုင် ကြုံတွေ့လာနိုင်ကြောင်းကို မကြာသေးမီက တွက်ချက်ထားသည့် ရာသီဥတုပြောင်းလဲမှု ခန့်မှန်းချက်များက အတည်ပြုထားပါသည်။

၅။ မြန်မာနိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ရာသီဥတုကြောင့် ထိခိုက်လွယ်သည့်ကဏ္ဍများအပေါ် အလွန်မှီခိုလျက်ရှိသည့်အတွက် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းများအတွက် အရေးပါသည့်ကဏ္ဍများ အားလုံးကို ဆက်လက် ထိခိုက်နိုင်ဖွယ်ရှိပါသည်။ မြန်မာနိုင်ငံရှိ လူသန်းပေါင်းများစွာတို့သည် သဘာဝအလျောက် ပြင်းထန်သည့် ရာသီဥတုဒဏ်ကို ခံစားရနိုင်သောဒေသများ အထူးသဖြင့် နိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသ၊ မြစ်ဝကျွန်းပေါ် နှင့် ကမ်းရိုးတန်းဒေသများတွင် ထူထပ်စွာ နေထိုင်လျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှု၏ ဆိုးရွားပြင်းထန်သော ဆိုးကျိုးအမျိုးမျိုးသည် တောင်တန်းဒေသများ နှင့် မြေပြန့်ဒေသများတွင် နေထိုင်ကြသော ပြည်သူပြည်သားများကိုလည်း ထိခိုက်ခံစားစေလျက်ရှိပါသည်။

၆။ လတ်တလော နှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှုဘေးအန္တရာယ်များသည် အသက်၊ အိုးအိမ်နှင့် စီးပွားဥစ္စာ ပိုင်ဆိုင်မှုများ ပိုမိုဆုံးရှုံးနိုင်ဖွယ်အလားအလာများ ဖြစ်ပေါ်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း၊ ရေသယံဇာတရရှိနိုင်မှု၊ သဘာဝသယံဇာတနှင့် မြေသယံဇာတတို့ကိုလည်း ထိခိုက်စေနိုင်ပါသည်။

For instance, continued reduction of productivity on agriculture in Central Dry Zone Area may reduce contributions to GDP growth and affect the livelihoods of both small–firm households and agricultural labourers, thus fuelling migration. Sea level rise and salinization will affect Coastal and Delta communities' livelihood and assets, and potentially lead to conflict over land and resources.

7. Therefore, failing to mainstream climate change into Myanmar's development agenda will prevent the country from achieving its social, economic and environmental sustainable development objectives. Building resilience to climate change is a necessary and urgent endeavour for the country to be able to fulfil its socio–economic development aspirations.

## Policy Approach

8. Recognizing these circumstances, Myanmar requires a robust policy instrument that ensures all sectoral investments and development plans fully acknowledge and address the challenges posed by a changing climate.



ဥပမာအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသတွင် စိုက်ပျိုးထုတ်လုပ်မှု ဆက်တိုက်ကျဆင်းလာခြင်းသည် စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) လျော့ကျစေပြီး တစ်ပိုင်တစ်နိုင် လယ်သမားမိသားစုများသာမက စိုက်ပျိုးရေးကဏ္ဍ အလုပ်သမားများကိုပါ စားဝတ်နေရေး ထိခိုက်စေသည့်အပြင် ရွှေ့ပြောင်းနေထိုင်ခြင်းကို ပိုမိုဖြစ်ပေါ်စေရန် တွန်းအားပေးလျက်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ဆားငန်ရေ ဝင်ရောက်လာခြင်းတို့သည် ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်တွင် နေထိုင်သူများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် အိုးအိမ်ပိုင်ဆိုင်မှုများအပေါ် ထိခိုက်လာနိုင်သည့်အပြင် မြေနှင့်သယံဇာတများဆိုင်ရာ အငြင်းပွားမှုများလည်း တိုးပွားလာနိုင်ပါသည်။

၇။ သို့အတွက်ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် ရာသီဥတုပြောင်းလဲမှုကို ထည့်သွင်းပေါင်းစပ်ခြင်းမရှိပါက နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက်များဆီသို့ ရောက်ရှိနိုင်ရန် အဟန့်အတား ဖြစ်စေပါသည်။ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိရေး ကြိုးပမ်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ဖော်ဆောင်ရာတွင် အရေးတကြီး လိုအပ်လျက်ရှိပါသည်။

## မူဝါဒဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်း

၈။ အထက်ဖော်ပြပါ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်သည့် နိုင်ငံ၏ အခြေအနေများကိုအလေးဂရုပြုလျက် ကဏ္ဍအသီးသီး၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ သေချာခိုင်မာစေရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ရေရှည်ခိုင်မာသည့် မူဝါဒတစ်ရပ် လိုအပ်ပါသည်။

9. To this end, the Government of the Republic of the Union of Myanmar:

(a) Recalling the pertinent provisions of the Constitution, National Comprehensive Development Plan, Myanmar Sustainable Development Plan, Myanmar National Sustainable Development Strategy, and other relevant documents such as the National Environmental Policy, and other relevant legislation and policies;

(b) Recognising the need for future policies and legislation to integrate climate change adaptation and mitigation considerations and be consistent with this Policy;

(c) Remaining committed to Myanmar's overarching goal of striving for the ultimate benefit and prosperity of Myanmar's people, and ensuring to the greatest possible extent that the quality of life of the people of Myanmar and opportunities for sustainable development are not compromised;

(d) Reaffirming its priority to protect and conserve Myanmar’s natural environment, and recognising the intrinsic value of the environment and the benefits it provides to people, especially in the face of increased climate change impacts;



၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည်–

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ အမျိုးသား ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတို့ပါ သက်ဆိုင်ရာအချက်များ နှင့် အခြားဆက်စပ်သည့် မူဝါဒများ၊ ဥပဒေပြဋ္ဌာန်းချက်များ အထူးသဖြင့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒတို့အား ပြန်လည်ထည့်သွင်းစဉ်းစား၍ လည်းကောင်း၊

(ခ) အနာဂတ်တွင်ဖြစ်ပေါ်လာမည့် မူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းချက်များတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ရန်နှင့် ဤမူဝါဒနှင့် ကိုက်ညီစေရန် လိုအပ်ကြောင်း အသိအမှတ်ပြု၍ လည်းကောင်း၊

(ဂ) မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားနှင့် သာယာဝပြောမှုအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်ရန် ရည်မှန်း၍ ပြည်သူပြည်သားများ ၏ လူနေမှုဘဝအရည်အသွေး အကောင်းဆုံးဖြစ်စေရန် နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများကို ထိခိုက်မှုမဖြစ်စေရန် ကတိကဝတ်ပြု၍ လည်းကောင်း၊

(ဃ) မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကို ဦးစားပေးအဖြစ် ထပ်မံအတည်ပြုပြီး ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများ ပိုမိုရင်ဆိုင်ရချိန်တွင် ပြည်သူပြည်သားများအတွက် သဘာဝပတ်ဝန်းကျင်၏ ပကတိတန်ဖိုးနှင့် ၎င်း၏အကျိုးပြုမှုတို့ကို အသိအမှတ်ပြု၍ လည်းကောင်း၊

(e) Remaining committed to protecting Myanmar's water resources, recognizing the fundamental role of water to life, livelihoods, sustainable development, human dignity as well as social, economic and cultural values, and that climate change will affect its quality and availability;

(f) Noting the findings of the scientific community, including the Inter–Governmental Panel on Climate Change (IPCC), that global temperatures are increasing due to the release of anthropogenic "greenhouse gases" (GHGs) into the atmosphere and predictions that this trend of warming of the atmosphere is likely to continue and increase;

(g) Noting also the domestically, regionally and globally observed and projected short and long–term impacts of climate change in Myanmar;

(h) Noting with serious concern that Myanmar is disproportionately impacted by both rapid and slow– onset effects of climate change, due to its multi–dimensional and acute vulnerability and limited capacity to respond and cope;



(င) လူမှုဘဝ၊ စားဝတ်နေရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားများ၏ ဂုဏ်သိက္ခာ၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးတို့အတွက် အရေးပါသည့် ရေသယံဇာတ၏ အခန်းကဏ္ဍအား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံ၏ ရေသယံဇာတအား ထိန်းသိမ်းကာကွယ်ရန် ကတိပြု၍ လည်းကောင်း၊

(စ) လူသားများ၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် မှန်လုံအိမ်ဓာတ်ငွေ့များလေထုထဲတွင် တိုးပွားလာခြင်းကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်ခြင်းနှင့် အဆိုပါ လေထု၏ပူနွေးလာမှု အခြေအနေသည် ဆက်လက် တိုးမြင့်လာနိုင်ဖွယ်ရှိကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(IPCC) အပါအဝင် သိပ္ပံပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအား မှတ်သား၍ လည်းကောင်း၊

(ဆ) ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လေ့လာခန့်မှန်း တွက်ချက်ထားသည့်ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအပေါ် ရေတိုရေရှည် ထိခိုက်နိုင်မှုများကို မှတ်သား၍ လည်းကောင်း၊

(ဇ) ရာသီဥတုပြောင်းလဲမှု ထိခိုက်လွယ်ခြင်းနှင့် ယင်းကိုပြန်လည် တုံ့ပြန်ဖြေရှင်းနိုင်မည့် စွမ်းဆောင်ရည် အကန့်အသတ်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ အမျိုးမျိုးသော အကျိုးဆက်များကို အထူးအလေးထားမှတ်သား၍ လည်းကောင်း၊

(i) Concerned that climate change has significant implications on Myanmar's achievement of social and economic development;

(j) Recognising that climate change exacerbates inequalities and can fuel conflict;

(k) Recognising that women and girls in Myanmar are disproportionately affected by climate change impacts due to their roles and responsibilities and their unequal access to resources, opportunities and rights, and that their knowledge, experience, participation and leadership at all levels are vital for developing effective climate change adaptation and mitigation responses;

(l) Recognising the need to take urgent action to reduce vulnerability and build resilience to climate change;

(m) Emphasising the need to take short, medium and long–term actions to respond to Myanmar's continuously changing climate and evolving social and economic circumstances, building progressively on previous actions and continuously learning from experiences;



(ဈ) ရာသီဥတုပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ လူမှုရေး နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သိသာထင်ရှားသည့် သက်ရောက်မှုများရှိသည်ကို အလေးထားမှတ်သား၍ လည်းကောင်း၊

(ည) ရာသီဥတုပြောင်းလဲမှုသည် မညီမျှမှုများကို တိုးပွားစေပြီး အငြင်းပွားမှုများ ပိုမိုဖြစ်ပွားလာနိုင်သည်ကို အသိအမှတ်ပြု၍ လည်းကောင်း၊

(ဋ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေးအတွက် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အသိပညာ ဗဟုသုတ၊ အတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဦးဆောင်နိုင်မှုတို့သည်အဆင့်တိုင်းတွင်အရေးပါသည်ကို အသိအမှတ်ပြုပြီး အမျိုးသမီးများသည် ၎င်းတို့၏ အခန်းကဏ္ဍများ၌ တာဝန်ထမ်းဆောင်နေရသော်လည်း အရင်းအမြစ်၊ အခွင့်အလမ်းနှင့် ရပိုင်ခွင့်များကို ညီမျှစွာမရရှိသောကြောင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ပိုမိုထိခိုက် ခံစားရသည်ကို အသိအမှတ်ပြု၍ လည်းကောင်း၊

(ဌ) ထိခိုက်လွယ်မှုလျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေရေးတို့အတွက် အလျင်အမြန်တုံ့ပြန် ဆောင်ရွက်ရန် လိုအပ်သည်ကို အသိအမှတ်ပြု၍ လည်းကောင်း၊

(ဍ) မြန်မာနိုင်ငံတွင် အစဉ်မပြတ်ပြောင်းလဲလာသည့် ရာသီဥတုနှင့် လူမှုရေး၊ စီးပွားရေး အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန်၊ ယခင်လုပ်ဆောင်ချက်များ နှင့် အတွေ့အကြုံများကို မျက်ခြေမပြတ် လေ့လာပြီး နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်သည်ကို အထူးအလေးဂရုပြု၍လည်းကောင်း၊

(n) Recognising that effective planning and action needs to be taken at the national, sub–national and local levels, by all segments of society, including the private sector and civil society, and requires robust climate risk information as well as wide coordination and strong partnership across sectors and ownership by the whole of government, including States and Regions;

(o) Recognising that taking ambitious mitigation actions, despite Myanmar's negligible contribution to global greenhouse gas emissions, is needed to achieve low–carbon development and green growth on a path to sustainable development;

(p) Reaffirming the need to work within the framework of international and regional cooperation mechanisms, including the Association of the Southeast Asian Nations (ASEAN);



(ဎ) နိုင်ငံအဆင့်၊တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ကျေးလက်ဒေသအဆင့်တို့တွင် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း အပါအဝင် လူမှုအသိုက်အဝန်းရှိ အဖွဲ့အစည်းများအားလုံးပါဝင်သည့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရန် ထိရောက်သော အစီအမံများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရန် လိုအပ်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအပါအဝင် အစိုးရတစ်ရပ်လုံး၏ အားလုံးပါဝင်သည့် ကျယ်ပြန့်သောပေါင်းစပ် ညှိနှိုင်းမှုများ၊ ကဏ္ဍအသီးသီးအကြား ခိုင်မြဲသော မိတ်ဖက်ဆောင်ရွက်မှုများနှင့် ခိုင်မာသည့် ရာသီဥတုဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များ လိုအပ်ကြောင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

(ဏ) ကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွင် မြန်မာနိုင်ငံအနေဖြင့် ပမာဏအနည်းငယ်သာပါဝင်သော်လည်း ရာသီဥတုပြောင်းလဲမှုကို လျော့ကျစေမည့် လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသောအစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရေး အလေးထားဆောင်ရွက်ရန် လိုအပ်နေသည်ကို အသိအမှတ်ပြု၍လည်းကောင်း၊

(တ) အာဆီယံအပါအဝင် နိုင်ငံတကာနှင့် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေး ယန္တရားဆိုင်ရာမူဘောင်အတွင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်ကို အခိုင်အမာအတည်ပြု၍ လည်းကောင်း၊

(q) Reaffirming Myanmar's commitment to the United Nations sustainable development agenda, including the Sustainable Development Goals adopted in 2015, and its principle to leave no one behind, and that action on climate change needs to be consistent with national social, economic and environmental development goals;

(r) Affirming its commitments to cooperate under the United Nations Framework Convention on Climate Change, the Kyoto Protocol, Doha Amendment and the Paris Agreement and participate in future global decision making processes, to the fullest extent possible;

(s) Noting its commitment to prepare, communicate and maintain periodic nationally determined contributions to the global effort to tackle climate change, and report on their actions as appropriate under the UN climate change process;

adopts this policy in order to guide national action to address climate change.



(ထ) ၂၀၁၅ ခုနှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များ နှင့် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်မှုမရှိစေရေးဟူသော အခြေခံမှု အပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် မြန်မာနိုင်ငံ၏ ကတိကဝတ်များနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ချက်များသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင်များနှင့် ကိုက်ညီရန် လိုအပ်ကြောင်းကို အခိုင်အမာ အတည်ပြု၍လည်းကောင်း၊

(ဒ) ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၊ ကျိုတိုနောက်ဆက်တွဲစာချုပ်၊ ဒိုဟာပြင်ဆင်ချက်နှင့် ပါရီသဘောတူညီချက်တို့တွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်မည့် ကတိကဝတ်များနှင့် အနာဂတ်ကာလ ကမ္ဘာလုံးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်း လုပ်ငန်းစဉ်များ၌လည်း တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ရမည်ကို အခိုင်အမာ အတည်ပြု၍လည်းကောင်း၊

(ဓ) ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့ကြိုးပမ်းအားထုတ်မှုများတွင် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျှော့ချရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (နိုင်ငံအလိုက် ဆုံးဖြတ်ထားသည့် ပါဝင်ဆောင်ရွက်မှု)ကို ပြင်ဆင်ရန်၊ ဆက်သွယ်ဆောင်ရွက်ရန်၊ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန်နှင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အခါအားလျော်စွာ အစီရင်ခံ တင်ပြရန် ကတိကဝတ် များအား မှတ်သား၍လည်းကောင်း၊

ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များကို ရှေ့ရှုဦးဆောင်လမ်းညွှန်မှုပြုနိုင်ရန် အလို့ငှာ ဤမူဝါဒကို ချမှတ်ခြင်း ဖြစ်ပါသည်။

## Vision

10. Myanmar's vision is to be a climate–resilient, low–carbon society that is sustainable, prosperous and inclusive, for the wellbeing of present and future generations.

## Purpose

11. The purpose of this Policy is to provide long term direction and guidance to:

(a) Take and promote climate change action on adaptation and mitigation in Myanmar;

(b) Integrate climate change adaptation and mitigation considerations into Myanmar's national priorities and across all levels and sectors in an iterative and progressive manner; and

(c) Take decisions to create and maximise opportunities for sustainable, low carbon, climate resilient development, ensuring benefits for all.



## မျှော်မှန်းချက်

၁၀။ မြန်မာနိုင်ငံတွင်ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ချမ်းသာသုခရရှိစေ ရေးအတွက် ရေရှည်တည်တံ့သော၊ ကြွယ်ဝချမ်းသာမှုရှိသော၊ အားလုံးပါဝင်သော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်(ထုတ်လွှတ်မှု) လျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန် မျှော်မှန်းပါသည်။

## ရည်ရွယ်ချက်

၁၁။ ဤမူဝါဒ၏ ရည်ရွယ်ချက်မှာ အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရေရှည်လမ်းညွှန်ချက်အဖြစ် အထောက်အကူပြုရန် ဖြစ်ပါသည် –

(က) မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျော့ချရေးအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျော့ချရေး အစီအစဉ်များကို အမျိုးသားအဆင့် ဦးစားပေး လုပ်ငန်းများနှင့် အလွှာစုံ ကဏ္ဍအားလုံးတို့၏ လုပ်ငန်းများတွင် အမြဲမပြတ် တိုးတက်မှုရှိသည့်အသွင်ဖြင့် အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်နှင့်

(ဂ) အားလုံးအကျိုးဖြစ်ထွန်းစေခြင်းအလို့ငှာ ရေရှည်တည်တံ့သော၊ ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ရရှိနိုင်သမျှ အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည့် ဆုံးဖြတ်ချက်များ ချမှတ်ရန်။

## Guiding principles

12. In actions to achieve the purpose of this Policy, Myanmar will be guided, *inter alia*, by the following guiding principles:

(a) **Sustainable development** – Develop sustainably to meet the needs of the present without compromising the ability of future generations to meet their own needs, by ensuring the promotion of an economically, socially and environmentally sustainable future and a fair and equitable society;

(b) **Precaution** – Take cost-effective measures to avoid, minimise and protect from environmentally harmful consequences where there are threats of serious or irreversible damage even if there is a lack of full scientific certainty;

(c) **Prevention** – Take anticipatory action to prevent or minimise environmental damage before it occurs by avoiding, prohibiting or controlling threatening activities;



## မူဝါဒဆိုင်ရာအခြေခံမူများ

၁၂။ ဤမူဝါဒ၏ ရည်ရွယ်ချက်များကို အောင်မြင်မှုရရှိရေး လုပ်ဆောင်ရာတွင် အကြောင်းအရာများစွာရှိသည့်အနက် မြန်မာနိုင်ငံအနေဖြင့် အောက်ဖော်ပြပါ လမ်းညွှန်အခြေခံမူများကို ချမှတ်ထားပါသည်-

(က) **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်း** – စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့သည့် အနာဂတ်ကာလနှင့် သာတူညီမျှမှုရှိသည့် လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေးအတွက် အနာဂတ်မျိုးဆက်သစ်များ၏ လိုအပ်ချက်များအပေါ် ထိခိုက်မှု မရှိစေဘဲ လက်ရှိမျိုးဆက်များ၏ လိုအပ်ချက်များကို အလေးထားကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်။

(ခ) **ကြိုတင်ကာကွယ်ခြင်း** – ရာသီဥတုဆိုင်ရာရှေ့ပြေးခန့်မှန်ချက်များ သည် သိပ္ပံနည်းကျသေချာမှု အပြည့်အဝမရှိသော်လည်း ပြင်းထန်ပြီး ပြန်လည် ကုစားမရနိုင်သော ပျက်စီးဆုံးရှုံးမှုများ၏ ခြိမ်းခြောက်မှု များကြောင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်နိုင်သည့် ဆိုးကျိုးများ ကို ရှောင်ရှားရန်၊ လျှော့ချရန်နှင့် ကာကွယ်ရန် ကုန်ကျစရိတ် သက်သာ ပြီး ထိရောက်သည့် နည်းလမ်းများဖြင့် ကြိုတင်ဆောင်ရွက်ရမည်။

(ဂ) **ကာကွယ်တားဆီးခြင်း** – ပတ်ဝန်းကျင်ကိုခြိမ်းခြောက်နေသည့် ပြုမူ လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်း ဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်။

**(d) Environmental integrity** – Promote, protect and conserve the natural environment and recognise its complete and intrinsic value, whether tangible or non-tangible, economic or non-economic, to the natural, cultural and spiritual heritage of Myanmar;

**(e) Shared responsibility and cooperation** – Encourage, support and embrace the common and shared responsibility of all people for the protection, conservation, and equitable sharing of benefits and resources of the environment, and encourage wide cooperation across sectors and stakeholders at all levels, including the private sector.

**(f) Inclusiveness** – Engage all people at all levels in decision-making and action, by supporting and embracing their diverse social, economic and cultural perspectives, participation and contributions without discrimination, particularly with respect to gender, ethnicity and age, in order to equitably share the benefits and opportunities of climate change adaptation, mitigation and low-carbon, climate-resilient development;



**(ဃ) ပတ်ဝန်းကျင်၏ ပြည့်စုံကြွယ်ဝခြင်း** – မြန်မာနိုင်ငံ၏ သဘာဝအလှ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာအမွေအနှစ်များ အပါအဝင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြည့်စုံကြွယ်ဝသော ပင်ကိုယ် အရည်အသွေး တန်ဖိုးများကို ထိတွေ့ဆုပ်ကိုင်ပြသနိုင်သည်ဖြစ်စေ၊ မပြသနိုင်သည်ဖြစ်စေ၊ စီးပွားရေးအရ အကျိုးဖြစ်ထွန်းသည်ဖြစ်စေ၊ မဖြစ်ထွန်းသည်ဖြစ်စေ အသိအမှတ်ပြုကာ သဘာဝပတ်ဝန်းကျင်ကို တိုးမြှင့်ထိန်းသိမ်း ကာကွယ်ရမည်။

**(င) တာဝန်ကိုယ်စီခွဲဝေခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း** – ပတ်ဝန်းကျင်၏ သယံဇာတအရင်းအမြစ်များနှင့် အကျိုးကျေးဇူးများကို ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် ညီတူညီမျှခွဲဝေခံစားခြင်းများအတွက် ပြည်သူတစ်ရပ်လုံးနှင့် တစ်ဦးချင်းစီတွင် တာဝန်ရှိကြောင်း လက်ခံလာစေရေးအတွက် တွန်းအားပေးခြင်း၊ အထောက်အပံ့ပေးခြင်းနှင့် လက်ကမ်းကြိုဆိုခြင်းပြုရမည်ဖြစ်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍအပါအဝင် အလွှာအသီးသီးရှိ ဆက်စပ်ပါဝင် ပတ်သက်သူများသာမက ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး တွန်းအားပေးရမည်။

**(စ) အားလုံးပါဝင်ခြင်း** – ရာသီဥတုပြောင်းလဲမှု လျော့ချရေး၊ လိုက်လျောညီထွေဖြစ်စေရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများကို ညီတူညီမျှ ရရှိစေရန် အတွက် ကျား/မ၊ လူမျိုးစုနှင့် အသက်အရွယ် မခွဲခြားဘဲ လူတန်းစားအသီးသီး၏ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအမြင်၊ ပူးပေါင်း ပါဝင်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်မှုများကို အထောက်အပံ့ပေးပြီး လက်ကမ်း ကြိုဆိုခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အလွှာအသီးသီးရှိ ပြည်သူတစ်ရပ်လုံး ပူးပေါင်း ပါဝင်စေရမည်။

(g) **Good governance** – Adopt transparent, participatory, and responsive processes to ensure that decision-making at all levels is inclusive, equitable, and accountable to all people in Myanmar, in accordance with the rule of law;

(h) **Climate justice and equity** – Promote and protect the rights of the people of Myanmar, in particular the poorest, most vulnerable and marginalised segments of society, including indigenous peoples, all ethnic groups, local communities, women, children, the elderly, and persons with disabilities to live in a healthy environment and a fair, equitable and sustainable society;

(i) **Gender equality and women's empowerment** – Promote and protect gender equality and women's equal rights through strengthening gender-responsive climate change policy concerning adaptation, mitigation, finance, technology development and transfer and capacity-building, and ensuring full and equal participation of women in decision-making.



(ဆ) **ကောင်းမွန်သောစီမံအုပ်ချုပ်ခြင်း** – အဆင့်တိုင်းတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ပြည်သူတစ်ရပ်လုံး ပါဝင်ပြီး ညီညွတ်မျှတသည့် တာဝန်ယူမှု တာဝန်ခံမှု သေချာစေရန် ပွင့်လင်းမြင်သာပြီး တုံ့ပြန်မှုရှိသည့် လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီဖော်ဆောင်ရမည်။

(ဇ) **ရာသီဥတုဆိုင်ရာ တရားမျှတမှုနှင့် သာတူညီမျှမှုရှိခြင်း** – မြန်မာပြည်သူ တစ်ရပ်လုံး အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ထိခိုက်လွယ်မှုအများဆုံး နှင့် ထိခိုက်နိုင်ခြေရှိသော တိုင်းရင်းသားမျိုးနွယ်စုများ၊ ဒေသခံ ပြည်သူ များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ပြည့်စုံကောင်းမွန်သည့် ပတ်ဝန်းကျင်၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် ညီတူညီမျှရှိသောလူမှုအဖွဲ့အစည်း တွင် နေထိုင်နိုင်ရေး ရပိုင်ခွင့်များကို တိုးမြှင့်ကာကွယ်ပေးရမည်။

(ဈ) **ကျား/မ တန်းတူရှိမှုနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်မြှင့်တင်ခြင်း** – ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေး အတွက် ရန်ပုံငွေရရှိရေး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လက်ဆင့်ကမ်း လွှဲပြောင်းပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်းသည့် အမျိုးသမီးများ၏ အရေးပါမှုကို အလေးထားသော ရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဝါဒ ခိုင်မာအားကောင်းစေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အပြည့်အဝရှိစေခြင်းတို့ဖြင့် ကျား/မ တန်းတူဖြစ်စေသော အခွင့်အရေးများကို တိုးမြှင့်ကာကွယ်ပေးရမည်။

## Policy recommendations

13. The Government of the Republic of the Union of Myanmar will take sector-relevant measures to implement this Policy and achieve its purpose by taking the following actions primarily in the six sectoral clusters listed below:

### (a) Food and water security

i. Ensure that actions undertaken under Myanmar's national policies on food and water integrate climate change adaptation and mitigation considerations and are complementary to and/or support actions under this Policy;

ii. Maintain growth and productivity of food systems, including in the agriculture, fisheries and livestock sectors, through low-carbon, climate-resilient and gender-responsive actions in order to ensure food security and protect the livelihoods of the people of



## မူဝါဒဆိုင်ရာလမ်းညွှန်ချက်များ

၁၃။ ဤမူဝါဒ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော် အောင်မြင်မှုရရှိနိုင်စေရန် ကဏ္ဍအသီးသီး၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အောက်ဖော်ပြပါ ကဏ္ဍ(၆) ခုတွင် ပါရှိသည့်လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရမည် -

### (က) ရေနှင့်စားနပ်ရိက္ခာဖူလုံမှု

(၁) စားနပ်ရိက္ခာနှင့် ရေသယံဇာတဆိုင်ရာ အမျိုးသားအဆင့် မူဝါဒများအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး နှင့် လျော့ချရေးတို့ကို အလေးထားစဉ်းစား၍ ထည့်သွင်း ပေါင်းစပ် ဆောင်ရွက်ရမည့်အပြင် ဤမူဝါဒအရ အကောင်အထည် ဖော်မည့်လုပ်ငန်းစဉ်များနှင့် ကိုက်ညီရမည် သို့မဟုတ် လုပ်ငန်းစဉ်များကို အထောက် အကူဖြစ်စေရမည်။

(၂) မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး၏ စားနပ်ရိက္ခာဖူလုံမှု သေချာစေရေးနှင့် လူမှုဘဝကိုကာကွယ်ရေးအလို့ငှာ ကာဗွန်ထုတ်လွှတ်မှု လျော့နည်းပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိကာ ကျား/မ တန်းတူညီမျှမှုရှိရေး တုံ့ပြန်ဆောင်ရွက်မှုများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် သားငါးကဏ္ဍများ အပါအဝင် စားနပ်ရိက္ခာထုတ်လုပ်သည့် စနစ်များ၏ ကုန်ထုတ်စွမ်းအားနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းသိမ်းရမည်။

iii. Promote and provide opportunities, by facilitating innovative practices and the use of new technologies, for resource–efficient and low–carbon approaches in the agriculture, fisheries and livestock sectors;

iv. Adopt and implement efficient water management and governance practices in Myanmar, including through technologies for water conservation and other alternatives to flood irrigation systems and other appropriate systems, particularly in climate–vulnerable States and Regions, including mountainous areas, flood–prone areas, delta regions and dry zones;

v. Ensure that Integrated Water Resources Management and other appropriate means are taken into account to ensure the sustainability of water resources, including through the adoption of adaptation strategies to increase water storage and watershed restoration and preservation;



(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍများတွင် သယံဇာတ ကို ထိရောက်စွာအသုံးချရန်နှင့် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရန်အတွက် အလေ့အကျင့်များ ဆန်းသစ်ပြောင်းလဲရေးနှင့် နည်းပညာအသစ်သုံးစွဲရေးဆိုင်ရာ အခွင့်အလမ်းများကို တိုးမြှင့်ပံ့ပိုးရမည်။

(၄) တောင်တန်းဒေသများ၊ ရေလွှမ်းမိုးမှုဒဏ်ခံရနိုင်သည့် ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသများအပါအဝင် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေသယံဇာတထိန်းသိမ်းသည့် နည်းပညာများ နှင့် ရေလွှမ်းမိုးမှုဒဏ်ခံရသည့် ဒေသတွင် ရေသွင်းရေထုတ်စနစ်ကဲ့သို့ နည်းလမ်းများနှင့် အခြားသင့်လျော်သည့် စနစ်များဖြင့် ထိရောက်သော ရေသယံဇာတ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှု နည်းလမ်းကောင်းများကို ချမှတ်အကောင်အထည်ဖော်ရမည်။

(၅) ရေသယံဇာတများကို ရေရှည်တည်တံ့စေရေးအတွက် ရေသိုလှောင်မှု ပိုမိုရရှိစေရေး၊ ရေဝေရေလဲဒေသ ကာကွယ်ရေးနှင့် ပြန်လည် ထိန်းသိမ်းရေးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာများချမှတ်ခြင်း အပါအဝင် ဘက်စုံရေသယံဇာတများ စီမံခန့်ခွဲခြင်းနှင့် အခြားသင့်လျော်သော နည်းလမ်းများကို အခိုင်အမာဆောင်ရွက်ရမည်။

## (b) Healthy ecosystems

i. Ensure that actions undertaken under Myanmar's national polices on environment, land use and forestry, including Myanmar's National Environmental Policy integrate climate change adaptation and mitigation considerations and are complementary to and/or support actions under this Policy;

ii. Promote sustainable natural resource management, preserve, conserve, and rehabilitate biodiversity and natural ecosystems in order to ensure the provision of ecosystem services, recognising their contribution to climate change adaptation and mitigation, the co-benefits they generate to the people and Myanmar's high dependence on the quality and availability of ecosystem services;

iii. Adopt environmentally sound technologies and good management practices, including ecosystem-based adaptation interventions, to improve and maintain the health and resilience of all ecosystems, including forest, water, land, coastal ecosystems and air quality in the face of future climate change impacts;



## (ခ) ကောင်းမွန်သောဂေဟစနစ်များ

(၁) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ၊ မြေအသုံးချမှုဆိုင်ရာနှင့် သစ်တောဆိုင်ရာ နိုင်ငံ အဆင့်မူဝါဒများအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျှော့ချရေးတို့ကို အလေးထားစဉ်းစား၍ ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ရမည့်အပြင် ဤမူဝါဒအရ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရမည် သို့မဟုတ် လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရမည်။

(၂) မြန်မာနိုင်ငံသည် ဂေဟစနစ်ဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် အရည်အသွေးအပေါ် အလွန်အမင်းမှီခိုနေခြင်း၊ အဆိုပါ ဂေဟ စနစ် ကောင်းမွန်စွာ လည်ပတ်ခြင်းကြောင့် ပြည်သူများအတွက် အကျိုးကျေးဇူးရရှိခြင်းနှင့် တစ်ချိန်တည်းမှာပင် ရာသီဥတု ပြောင်းလဲမှု နှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျှော့ချရေးကို အထောက်အပံ့ပေးခြင်းတို့အပေါ် အသိအမှတ်ပြုလျက် ဂေဟ စနစ်ဝန်ဆောင်မှုများ၏ အထောက်အပံ့ ရရှိစေရန် သေချာစေမည့် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း၊ဇီဝမျိုးစုံ မျိုးကွဲများနှင့်သဘာဝဂေဟစနစ်များကိုထိန်းသိမ်း ကာကွယ်ခြင်း နှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင် ဆောင်ရွက် ရမည်။

(၃) အနာဂတ်ကာလ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှု ကို ရင်ဆိုင်ရာတွင် သစ်တော၊ ရေ၊ မြေ၊ ကမ်းရိုးတန်း ဂေဟ စနစ်များ နှင့်လေအရည်အသွေးတို့အပါအဝင် ဂေဟစနစ်အားလုံး ၏ ကောင်းမွန်စွာတည်ရှိမှုနှင့် ခံနိုင်ရည်ရှိမှုကို ထိန်းသိမ်း မြှင့်တင်ပေးနိုင်ရေးအတွက် ဂေဟစနစ်အခြေပြု ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေသည့် အရေးယူ ဆောင်ရွက်ချက်များ အပါအဝင် ပတ်ဝန်းကျင် နှင့် သဟဇာတ ဖြစ်သည့် နည်းပညာများနှင့် စီမံခန့်ခွဲမှု နည်းလမ်းကောင်းများ ကို ချမှတ်ရမည်။

iv. Enhance greenhouse gas sinks and reservoirs, and promote the reduction of greenhouse gas emissions from deforestation and forest degradation through sustainable management of forests and land use planning, based on the best available science;

## (c) Low-carbon and resilient growth

i. Ensure that actions undertaken under Myanmar's Green Economy Framework and energy policies integrate climate change adaptation and mitigation considerations, are complementary to and/or support actions under this Policy, and encourage public–private partnerships to support a green economy;

ii. Ensure that the energy, transport and industry sectors, including infrastructure, are well-integrated among each other, reliable, sustainable and resilient to current and future climate change impacts, recognising that they are vital to Myanmar's economic growth;



(၄) အကောင်းဆုံးရရှိနိုင်သည့် သိပ္ပံပညာအပေါ်အခြေခံကာ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် မြေအသုံးချမှုစီမံကိန်းရေးဆွဲ ဆောင်ရွက်ခြင်းဖြင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့ စုပ်ယူသိုလှောင်ခြင်းများကို မြှင့်တင်ရမည်။

## (ဂ) ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီးရာသီဥတုဒဏ်ခံနိုင်သည့် ဖွံ့ဖြိုးမှု

(၁) မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေးမူဘောင်နှင့် စွမ်းအင်မူဝါဒများအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျှော့ချရေးတို့ကို အလေးထားစဉ်းစား၍ ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ရမည့်အပြင် ဤမူဝါဒအရ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရမည် သို့မဟုတ် လုပ်ငန်းစဉ်များကို အထောက်အကူ ဖြစ်စေရမည်။ အစိမ်းရောင် စီးပွားရေးအား အထောက်အကူဖြစ်စေရန်အတွက် အစိုးရ နှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း တွန်းအားပေး ဆောင်ရွက်ရမည်။

(၂) အခြေခံအဆောက်အဦများ အပါအဝင် စွမ်းအင်၊ ပို့ဆောင်ရေးနှင့် စက်မှုကဏ္ဍများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အရေးပါသည်ကို အသိအမှတ်ပြုလျက် ကဏ္ဍအသီးသီးကြား အပြန်အလှန်ကောင်းစွာ ပေါင်းစပ်၍ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လိုက်လျောညီထွေဖြစ်စေ၍ ခံနိုင်ရည်ရှိသော၊ရေရှည်တည်တံ့သည့် ကဏ္ဍများဖြစ်စေ ရန် အလေးထား ဆောင်ရွက်ရမည်။

iii. Decouple Myanmar’s continued growth from increasing greenhouse gas emissions and contribute to the global climate change mitigation effort through sustainable, low–carbon energy, transport, industrial, and waste management systems, while ensuring that Myanmar’s social and economic development needs are met;

iv. Promote and prioritise sustainable and renewable energy sources and energy efficiency, in order to meet Myanmar’s growing energy needs and ensure energy security in a low–carbon manner;

v. Ensure equitable access to affordable, reliable, sustainable, and modern energy for all as a pathway to inclusive and sustainable development and eradicating poverty;

vi. Promote sustainable natural resource extraction through transparent and responsible investments which are consistent with climate change adaptation and mitigation priorities, while generating local employment and economic benefits and protecting the environment and public health;



(၃) မြန်မာနိုင်ငံ၏လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာတွင် ရေရှည်တည်တံ့၍ ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော စွမ်းအင်၊ ပို့ဆောင်ရေး၊ စက်မှုလုပ်ငန်းနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးနည်းစနစ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး ကြိုးပမ်းမှုများတွင် ပူးပေါင်းပါဝင်နိုင်သကဲ့သို့ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရာတွင်လည်း မှန်လုံအိမ်ဓာတ်ငွေ့ပိုမိုထုတ်လွှတ်သည့် လမ်းကြောင်းမှ သွေဖည်စေရမည်။

(၄) မြန်မာနိုင်ငံ၏ တိုးပွားလျက်ရှိသည့် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းရေးနှင့် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် စွမ်းအင်ဖူလုံမှုရှိစေရေးအလို့ငှာ ရေရှည်တည်တံ့သည့် ပြန်ပြည့်မြဲစွမ်းအင်ရင်းမြစ်များနှင့် ၎င်းအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုစေရေးတို့ကို ဦးစားပေး တိုးမြှင့် ဆောင်ရွက်ရမည်။

(၅) အားလုံးပါဝင်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးတည်သည့်အနေဖြင့် ပြည်သူတစ်ရပ်လုံး အမြဲမပြတ် ရေရှည်ယုံကြည်အားထားရသော သင့်လျော်သည့် ခေတ်မီစွမ်းအင်ကို တစ်ပြေးညီ သုံးစွဲနိုင်စေရမည်။

(၆) ဒေသခံများ၏ အလုပ်အကိုင် နှင့် စီးပွားရေး အကျိုးအမြတ်များ ဖန်တီးဖော်ဆောင်ခြင်း၊ သဘာဝပတ်ဝန်းကျင် နှင့် အများပြည်သူတို့၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်နေစဉ် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျှော့ချရေးဦးစားပေးလုပ်ငန်း အစီအစဉ်များနှင့် ကိုက်ညီမှုရှိသည့် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြင့် သဘာဝသယံဇာတ စဉ်ဆက်မပြတ်ထုတ်ယူခြင်းကို တိုးမြှင့် ဆောင်ရွက်ရမည်။

vii. Ensure that urban and inter-city transportation networks and infrastructure are sustainable, low-carbon and climate-resilient for all modes of transport, in particular for mass transit;

viii. Increase the productivity and resource-efficiency of the industrial sector, an important sector for Myanmar's economy, through low-carbon growth and by developing competitive and innovative green industries, recognising the relative importance of this sector for Myanmar's economy, including its potential for job creation;

## (d) Resilient urban and rural settlements

i. Ensure that actions undertaken under Myanmar's national, sub-national, and local policies and plans on urban and rural settlements, including national building regulations, township and local development plans and land-use plans, integrate climate change adaptation and mitigation considerations and are complementary to and/or support actions under this Policy;



(၇) မြို့ပြနှင့်မြို့တွင်း ပို့ဆောင်ရေးကွန်ရက်များနှင့် အခြေခံအဆောက်အဦများအားလုံးသည် ရေရှည်တည်တံ့ပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော၊ ရာသီဥတုဒဏ်ခံနိုင်သည့် ပို့ဆောင်ရေးစနစ် ဖြစ်ရမည်။ အထူးသဖြင့်အများနှင့်ဆိုင်သော ပို့ဆောင်ရေးစနစ်ကို ဦးစားပေးရမည်။

(၈) မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရာတွင် စက်မှုကဏ္ဍ၏ အထူးအရေးပါမှုကို အသိအမှတ်ပြုကာ ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် ဖွံ့ဖြိုးမှုနည်းလမ်းဖြင့်လည်းကောင်း၊ ယှဉ်ပြိုင်ဖန်တီးမှုရှိသည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းဖြင့်လည်းကောင်း စက်မှုကဏ္ဍ၏ထုတ်လုပ်စွမ်းအားနှင့် ထိရောက်သော သယံဇာတ အသုံးပြုမှုကိုမြှင့်တင်ရမည်။

## (ဃ) ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည့် မြို့ပြနှင့် ကျေးလက်ဒေသ

(၁) အမျိုးသားအဆင့် အဆောက်အဦဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ မြို့နယ် နှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် မြေအသုံးချမှုအစီအစဉ်များ အပါအဝင် မြန်မာနိုင်ငံ၏ မြို့ပြနှင့် ကျေးလက်ဒေသအခြေချနေထိုင်မှုများ နှင့် ပတ်သက်သော အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ဒေသအဆင့်မူဝါဒများနှင့် လုပ်ငန်းစီမံချက်များအရ ရေးဆွဲ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျော့ချရေးတို့ကို အလေးထား စဉ်းစား၍ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရမည့်အပြင် ဤမူဝါဒအရ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရမည် သို့မဟုတ်လုပ်ငန်းစဉ် များကို အထောက်အကူ ဖြစ်စေရမည်။

ii. Ensure that human settlements are planned and developed in a climate-resilient manner and incentivise low-carbon approaches, while promoting long-term inclusivity, liveability, economic development and a high quality of life in rural and urban areas, recognising the interdependencies between urban and rural areas and the potential impact of climate change on rural-urban migration, food security, water supply and livelihoods;

iii. Ensure the active involvement of city, township and village stakeholders in identifying climate change challenges at local level, and devise plans, strategies and practical actions to adapt to climate change, mitigate its effects, and develop in a sustainable low-carbon manner;

iv. Ensure that territorial spatial planning at regional, district, city, township and village level fully addresses current and future climate-related risks and opportunities, and regularly assess and mitigate these risks in a timely and equitable manner through inclusive and participatory assessment and planning processes which take into account and strengthen local knowledge and capacities, including in land-use planning, rural and urban planning and city or township specific disaster risk management plans and actions;



(၂) မြို့ပြနှင့်ကျေးလက်ဒေသများ၏ အပြန်အလှန်မှီခိုနေမှု၊ မြို့ပြ-ကျေးလက် ပြောင်းရွှေ့နေထိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ရေရရှိမှုတို့အပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ ရှိနိုင်ကြောင်းကို အသိအမှတ်ပြုလျက် မြို့ပြနှင့် ကျေးလက်ဒေသများ တွင် အားလုံးပါဝင်မှု၊ ချမ်းမြေ့သာယာမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဘဝအရည်အသွေး မြင့်မားမှုတို့ကို ရေရှည်မြင့်တင်ဆောင်ရွက်လျက် ကာဗွန်ထုတ်လွှတ်မှုနည်းသည့် နည်းလမ်းများဖြစ်စေရေး မက်လုံးပေး ဆွဲဆောင်စေပြီး ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေသည့်အသွင်ဖြင့် ပြည်သူများ၏အခြေချ နေထိုင်မှုအစီအစဉ်များရေးဆွဲရမည်။

(၃) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို သတ်မှတ်ဖော်ထုတ်ရာတွင် မြို့ပြနှင့်ကျေးလက်ဒေသတို့ရှိ ဆက်စပ်ပတ်သက်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ရမည့်အပြင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျော့ချရေးဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မဟာဗျူဟာများနှင့် လက်တွေ့ကျသော တုံ့ပြန် ဆောင်ရွက်ခြင်းများကို ရေးဆွဲပြီး ရေရှည်တွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့်အသွင်ဖြင့် ဖွံ့ဖြိုးတိုးတက်ရမည်။

(၄) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအဆင့်တို့တွင် မြေပြင် တည်နေရာအလိုက် အသုံးချမှုအစီအမံများ ရေးဆွဲခြင်းသည် လက်ရှိနှင့်အနာဂတ်ကာလ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ ဖြေရှင်းနိုင်ပြီး ရရှိနိုင်မည့် အခွင့်အလမ်းများကို အပြည့်အဝ ဖော်ဆောင်နိုင်ရမည်။ ထို့အတူ ဒေသခံများ၏ အသိပညာ ဗဟုသုတ နှင့် လုပ်ကိုင်နိုင်စွမ်းများကို ထည့်သွင်းစဉ်းစားကာ မြေအသုံးချမှု အစီအစဉ်များ၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များ၊ မြို့တော်သို့မဟုတ် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး လုပ်ငန်းအစီအစဉ်များကို ရေးဆွဲပြီး အားလုံးပါဝင်သည့် ပူးပေါင်းမှုဖြင့် ဘေးအန္တရာယ်များကို ဆန်းစစ်ခြင်းနှင့်လျော့ချခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်စေသည်သာမက အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရမည်။

## (e) Human wellbeing

i. Ensure that actions undertaken under Myanmar's national policies on health, disaster risk management and social protection integrate climate change adaptation and mitigation considerations and are complementary to and/or support actions under this Policy;

ii. Ensure that the national health system takes steps to be aware of and respond in a timely and equitable manner to new and increasing health risks and vulnerability arising from slow and rapid-onset impacts of climate change;

iii. Take actions to scale up and strengthen disaster risk management and disaster risk reduction systems to prevent, mitigate, prepare for and respond to increased risk of climate-related natural hazards and to prevent and reduce loss and damage, at all levels;



## (c) ပြည်သူများ ကျန်းမာပျော်ရွှင်မှု

(၁) ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လူမှု ကာကွယ်စောင့်ရှောက်ရေးတို့နှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံအမျိုးသား အဆင့် မူဝါဒများအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်စေရေးနှင့် လျှော့ချရေးတို့ကို အလေးထား စဉ်းစား၍ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရမည့်အပြင် ဤမူဝါဒအရ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရမည် သို့မဟုတ် လုပ်ငန်းစဉ်များကို အထောက်အကူ ဖြစ်ရမည်။

(၂) လတ်တလောနှင့် ရေရှည်တွင် ပိုမိုဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိမှုနှင့် ထိခိုက်လွယ်မှုများ တိုးပွားလာခြင်းနှင့် အသစ်ဖြစ်ပေါ်လာခြင်းများကို အချိန်နှင့်တစ်ပြေးညီ၊ သာတူညီမျှစွာ သတိမူ တုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(၃) အလွှာအသီးသီး၌ ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုကို ကြိုတင်ကာကွယ်ရန်နှင့် လျော့နည်းစေရန်၊ ရာသီဥတုနှင့် သက်ဆိုင်သည့် သဘာဝဘေးဒဏ်များ၏ တိုးပွားလာမည့် အန္တရာယ်ကို ကာကွယ်လျှော့ချရန်နှင့် ကြိုတင်ပြင်ဆင်တုံ့ပြန် ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ဘေးအန္တရာယ် လျှော့ချရေး စနစ်များ ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်။

iv. Take actions to scale up and strengthen social protection for all people, and in particular for the most vulnerable, to prepare for, recover from, and adapt to slow and rapid–onset impacts of climate change;

## (f) Knowledge, awareness and research

i. Ensure that actions undertaken under Myanmar’s national policies on education, technology and training integrate climate change adaptation and mitigation considerations and are complementary to and/or support actions under this Policy;

ii. Ensure that the education sector and its physical infrastructure are made resilient to climate change impacts, recognising that climate change has direct and indirect effects on social and economic development in Myanmar;

iii. Recognise the need to develop, acquire and foster application of technologies for climate change adaptation and mitigation, and ensure that technologies for all sectors are made resilient to climate change impacts;



(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ပြန်လည်ထူထောင်ရန် နှင့် လိုက်လျောညီထွေဖြစ်ရန် အထူးသဖြင့် ထိခိုက်လွယ်မှု အများဆုံးရှိသူများ အပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် လူမှုကာကွယ် စောင့်ရှောက်မှုများ ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်။

## (စ) အသိပညာပေးခြင်း၊ ဗဟုသုတတိုးပွားစေခြင်းနှင့် သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း

(၁) ပညာရေးမြှင့်တင်ခြင်း၊ နည်းပညာဖွံ့ဖြိုးခြင်းနှင့် သင်တန်း ပို့ချခြင်းဆိုင်ရာ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် မူဝါဒများအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေးတို့ကို အလေးထားစဉ်းစား၍ ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ရမည့်အပြင် ဤမူဝါဒအရ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရမည် သို့မဟုတ် လုပ်ငန်းစဉ်များကို အထောက်အကူ ဖြစ်ရမည်။

(၂) ရာသီဥတုပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ရောက်မှုများရှိကြောင်းကို အသိအမှတ်ပြုလျက် ပညာရေးကဏ္ဍနှင့် ယင်း၏ အခြေခံအဆောက်အအုံများကို ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများမှ ခံနိုင်ရည်ရှိစေရန် ဆောင်ရွက်ရမည်။

(၃) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့်လျှော့ချရေး အတွက် နည်းပညာများ ဖွံ့ဖြိုးရန်၊ လေ့လာဆည်းပူးရယူရန်နှင့် အသုံးချမှု မြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်းအသိအမှတ် ပြုလျက် ကဏ္ဍ အားလုံးအတွက် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိစေသည့် နည်းပညာများကို ဖော်ထုတ်ရမည်။

iv. Take actions to raise awareness around climate change of all people on climate change vulnerability, adaptation, mitigation, low–carbon and climate–resilient development and sustainability through formal and non –formal education at all levels, in particular at the primary and secondary education levels, and through the media;

v. Promote access to climate change knowledge, awareness and training for all stakeholders, including decision–makers at all levels;

vi. Ensure equitable access to education for all as a pathway toward inclusive and sustainable development, recognising the impacts of climate change on education particularly in rural communities;

vii. Incentivise investment for the use of innovations and technologies in Myanmar that enable low–carbon climate–resilient development, and support local innovation and solutions, recognising that climate change adaptation and mitigation require developments in all aspects of education, science and technology;



(၄) အလွှာအသီးသီးရှိ ကျောင်းတွင်းနှင့် ကျောင်းပြင်ပပညာရေး၊ အခြေခံနှင့် အဆင့်မြင့်ပညာရေးနှင့် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူတစ်ရပ်လုံးကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်လွယ်မှု လျော့ပါးရေး၊ လိုက်လျော ညီထွေဖြစ်စေရေး၊ လျော့နည်းသက်သာစေရေးနှင့် ကာဗွန်လျော့နည်းသည့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေး လုပ်ငန်းစဉ် များကို ဆောင်ရွက်ရမည်။

(၅) ဆုံးဖြတ်ချက်ချမှတ်သူများအပါအဝင် အလွှာအသီးသီးရှိ ဆက်စပ်ပတ်သက် သူများအားလုံးကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာဗဟုသုတ ဖြန့်ဝေပေးခြင်း၊ ပညာပေးခြင်းနှင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ရမည်။

(၆) ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် ကျေးလက်နေပြည်သူများ၏ ပညာရေးအပေါ် သိသာထင်ရှားစွာ ထိခိုက်နိုင်ကြောင်းကို အသိအမှတ်ပြုလျက် အားလုံးပါဝင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ပြည်သူအားလုံး တန်းတူညီမျှ ပညာသင်ကြားနိုင်ရမည်။

(၇) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေး ဖြေရှင်းဆောင်ရွက်ရာတွင် ပညာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်လျက်ရှိကြောင်း အသိအမှတ်ပြုလျက်မြန်မာနိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာစေရေးအတွက် ဒေသခံများ၏ တီထွင်ဖန်တီးမှု နှင့် ဖြေရှင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေမည့် နည်းပညာနှင့် တီထွင်ကြံဆမှုများဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများကို မက်လုံး ပေးဆွဲဆောင်ရမည်။

## Measures for implementation

14. The Government of the Republic of the Union of Myanmar will take overarching and cross-cutting measures to implement the policy recommendations in this Policy and achieve its purpose by taking the following actions primarily on the eight areas listed below:

### (a) Laws, regulations, strategies, action plans and policies

i. Adopt and implement laws and regulations to further enhance the implementation of actions under this policy, as appropriate;

ii. Adopt and implement short, medium and long-term strategies and action plans on climate change on a regular basis taking into account national circumstances and international commitments;

iii. Amend existing policies and/or adopt new policies in relevant sectors to further enhance the implementation of actions under this policy, as appropriate;

iv. Ensure coherence and coordination of existing and future national and sectoral frameworks, policies, legislation, regulations, strategies and action plans;



## အကောင်အထည်ဖော်မည့်နည်းလမ်းများ

၁၄။ ဤမူဝါဒတွင်ပါရှိသော မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့် ရည်မှန်းချက် များ အောင်မြင်စွာ ရရှိစေရန် အဓိကအားဖြင့် အောက်ဖော်ပြပါ နယ်ပယ် (၈)ခုကို ဘက်စုံပြည့်ဝပြီး အပြန်အလှန်ချိတ်ဆက်လျက်ရှိသော နည်းလမ်းများ ဖြင့် ဆောင်ရွက်ရမည်-

### (က) မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲ ပြဋ္ဌာန်းခြင်း

(၁) ဤမူဝါဒတွင်ဖော်ပြပါရှိသည့် လုပ်ငန်းစဉ်များကို ဆက်လက်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ရမည်။

(၂) နိုင်ငံ၏ အခြေအနေများနှင့်အညီ သဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကိုထည့်သွင်းစဉ်းစားလျက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကာလတို၊ ကာလလတ်နှင့် ကာလရှည် မဟာဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ရမည်။

(၃) ဤမူဝါဒတွင် ဖော်ပြပါရှိသည့် လုပ်ငန်းအစီအစဉ်များကို ဆက်လက်မြှင့်တင်ဆောင်ရွက်ရန်ဆက်စပ်ကဏ္ဍများ၏ တည်ဆဲမူဝါဒများအား လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ရမည် သို့မဟုတ် မူဝါဒအသစ်များ ထပ်မံ ရေးဆွဲပြဋ္ဌာန်းရမည်။

(၄) ဤမူဝါဒတွင် ဖော်ပြပါရှိသည့် လုပ်ငန်းအစီအစဉ်များကို ဆက်လက် မြှင့်တင်ဆောင်ရွက်ရန်လက်ရှိနှင့် အနာဂတ်ကာလတွင် အမျိုးသားအဆင့်နှင့် ကဏ္ဍဆိုင်ရာ မူဝါဒမူဘောင်များ၊ ဥပဒေ ပြဋ္ဌာန်းချက်များ၊ မဟာဗျူဟာများနှင့် လုပ်ငန်း အစီအစဉ်များကြား အပြန်အလှန်ချိတ်ဆက်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

## (b) Institutions

i. Establish or strengthen existing institutions for the overall coordination, promotion, support, facilitation, and monitoring, evaluation and review of actions and results as necessary, in order to enable the effective implementation of climate action, at a high level;

## (c) Finance, budgets and investment

i. Ensure all sectors assess the economic and non–economic benefits of early action on climate change in relation to their priorities, based on the best available science and local, national, regional and global data and statistics, and integrate the costs of adaptation and mitigation considerations into their work plans and budgets on a regular basis, and regional budget to implement climate adaptation and mitigation actions across all sectors;

ii. Allocate sufficient financial resources from the national and regional budget to implement climate adaptation and mitigation actions across all sectors;



## (ခ) အဖွဲ့အစည်းများ အားကောင်းခိုင်မာစေခြင်း

(၁) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ပေါင်းစပ်ပေးခြင်း၊ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အထောက်အပံ့ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ အကဲဖြတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရလဒ်များကို လိုအပ်သလို ပြန်လည် သုံးသပ်ခြင်းတို့အတွက် လိုအပ်သည့် အဖွဲ့အစည်း ဖွဲ့စည်းရန် သို့မဟုတ် လက်ရှိ အဖွဲ့အစည်းများကို ခိုင်မာ အားကောင်းစေရန် ဆောင်ရွက်ရမည်။

## (ဂ) ဘဏ္ဍာရန်ပုံငွေ ခွဲဝေချထားခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ

(၁) ရရှိနိုင်သည့် သိပ္ပံပညာအချက်အလက်များနှင့် ဒေသန္တရ၊ နိုင်ငံ၊ ဒေသနှင့် နိုင်ငံတကာအဆင့် စာရင်းဇယားများကို အခြေခံလျက် ကဏ္ဍအသီးသီးတွင် ရာသီဥတုပြောင်းလဲမှုကို ကြိုတင်တုံ့ပြန်နိုင်မည့် ဦးစားပေး လုပ်ငန်းစဉ်များကိုဆောင်ရွက်ရာ၌ စီးပွားရေးအရ အကျိုးအမြတ်ရရှိစေသည်သာမက အခြားအကျိုးအမြတ်များကိုပါ ရရှိစေရမည်။ ထို့အပြင် အဆိုပါကဏ္ဍအသီးသီး၏ လုပ်ငန်း အစီအစဉ်များနှင့် ရန်ပုံငွေလျာထားချက်များတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေး ဆောင်ရွက်နိုင်ရန် ကုန်ကျစရိတ်များကိုပုံမှန်ထည့်သွင်း ဆောင်ရွက်ရမည်။

(၂) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေး လုပ်ငန်းများ ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော် နှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့၏ ဘဏ္ဍာငွေမှ လုံလောက်သော ရန်ပုံငွေအရင်းအမြစ်များ ခွဲဝေချထားပေးရမည်။

iii. Ensure climate-sensitive budgeting in all sectoral plans, and encourage the allocation of adequate sectoral finance to complement resources from the national budget;

iv. Incentivise and promote local and international investment in low-carbon and climate-resilient development;

v. Ensure that all investments are consistent with low-carbon and climate-resilient development;

vi. Facilitate access to international finance and mobilisation of domestic finance for climate change, including by establishing an institution or mechanism to coordinate climate finance, and strengthening institutional capacities to absorb and manage funds, as relevant;

## (d) Capacity-building

i. Undertake and support capacity building activities to enhance the knowledge and skills of relevant stakeholders necessary for effective and gender-responsive climate action, in a continuous, progressive and iterative manner, and establish new institutions and/or a capacity-building framework, as relevant;



(၃) ကဏ္ဍအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များတွင် ရာသီဥတု ပြောင်းလဲမှုကို အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်မည့် သီးသန့်ရန်ပုံငွေ ထားရှိရန်နှင့် အဆိုပါကဏ္ဍအလိုက် လုံလောက်သော ဘဏ္ဍာငွေခွဲဝေချထားမှုသည် သဘာဝသယံဇာတများနှင့် ငွေကြေးအရင်းအမြစ်များ အလေအလွင့်မရှိ သုံးစွဲနိုင်ရေးကို အထောက်အကူ ပြုစေရမည်။

(၄) ကာဗွန်ထုတ်လွှတ်မှု လျော့နည်းပြီး ရာသီဥတုဒဏ်ခံနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို မက်လုံးပေးဆွဲဆောင် မြှင့်တင်ရမည်။

(၅) ရင်းနှီးမြှုပ်နှံမှုများ အားလုံးသည် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းပြီး ရာသီဥတုဒဏ်ခံနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှု လမ်းစဉ်နှင့် ကိုက်ညီမှု ရှိစေရမည်။

(၆) ရာသီဥတုဆိုင်ရာ ရန်ပုံငွေကို ညှိနှိုင်းဆောင်ရွက်ရန် အဖွဲ့အစည်း တစ်ရပ် သို့မဟုတ် လုပ်ငန်းစဉ်ယန္တရားတစ်ရပ် တည်ထောင်ခြင်းနှင့် ရန်ပုံငွေရရှိရေးဆွဲဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အဖွဲ့အစည်း၏ စွမ်းဆောင်ရည် တိုးမြှင့်ခြင်းတို့ဖြင့် ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေး အတွက် နိုင်ငံတကာနှင့် ပြည်တွင်းမှ ငွေကြေးအထောက်အပံ့များ ရရှိရေးညှိနှိုင်း ဆောင်ရွက် ရမည်။

## (ဃ) စွမ်းဆောင်ရည်မြှင့်တင်ခြင်း

(၁) ကျား/မတန်းတူညီမျှ အကျိုးဖြစ်ထွန်းစေမည့် ရာသီဥတု ပြောင်းလဲမှု နှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေး တုံ့ပြန် ဆောင်ရွက်မှုများအတွက် အမြဲမပြတ်တိုးတက်မှုရှိသည့် အသွင်ဖြင့် ဆက်စပ်ပတ်သက်သူများ၏ အသိပညာနှင့် စွမ်းဆောင်ရည်များ မြှင့်တက်လာစေရန် စွမ်းဆောင်ရည် မြှင့်တင်ပေးသည့် လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးရမည်။ ထို့အပြင်လိုအပ်သည့် အဖွဲ့အစည်း နှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ မူဘောင်တစ်ရပ်ကို တည်ထောင်ရမည်။

## (e) Research and technology

i. Promote, facilitate and provide financial resources for productive research, the collection, analysis of and access to reliable quantitative and qualitative data, disaggregated by sex, age and other stakeholders, to enable effective and gender-responsive climate action;

ii. Promote the collection, analysis and dissemination of real-time data and information on short, medium and long-term climate change impacts, trends and projections relating to all geographic regions including through increasing the reliability and capacity of Myanmar's climate observation systems;

iii. Promote and facilitate the development, transfer, acquisition, demonstration and deployment of environmentally sound technologies from national and international partners, that enable effective climate change adaptation and mitigation actions, and ensure equitable access to those technologies;



## (င) သုတေသန လုပ်ငန်းဆောင်ရွက်ခြင်းနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်စေခြင်း

(၁) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေး တုံ့ပြန်ဆောင်ရွက်မှုများကို ကျား/မ တန်းတူ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိကျ ခိုင်မာ၍ အရည်အသွေး ပြည့်ဝသော အချက်အလက်များ စုဆောင်းခြင်း၊ အသေးစိတ် လေ့လာခြင်းတို့ပါဝင်သည့် ရလဒ် ကောင်းများ ရရှိစေမည့် သုတေသန လုပ်ငန်းများကို ကျား/မ၊ အသက်အရွယ်နှင့် အခြားဆက်စပ် ပတ်သက်သူများမှ တိုးမြှင့် ဆောင်ရွက်ရေး၊ အဆင်ပြေချောမွေ့စေရေးနှင့် ရန်ပုံငွေ အရင်းအမြစ်များ ထောက်ပံ့ရေးတို့ကို ဆောင်ရွက်ရမည်။

(၂) မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေ စောင့်ကြည့်လေ့လာရေး စနစ် များ၏ စွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုကို တိုးမြှင့် ပေးခြင်းဖြင့် နိုင်ငံအတွင်းရှိ ဒေသအလိုက် ကာလတို၊ ကာလလတ်နှင့် ကာလရှည် ရာသီဥတုပြောင်းလဲမှု၏ အကျိုး သက်ရောက်မှုများ၊ ဦးတည်မှု အလားအလာများ၊ ကြိုတင် ခန့်မှန်းချက်များနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ ကို အချိန်နှင့်တစ်ပြေးညီ စုစည်းခြင်း၊ လေ့လာ ဆန်းစစ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို မြှင့်တင်ရမည်။

(၃) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး နှင့် လျှော့ချရေးကို အကျိုးရှိရှိ ထိရောက်စွာဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် နည်းပညာများကို ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများမှ လွှဲပြောင်း လက်ခံခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် စမ်းသပ်တပ်ဆင် အသုံးပြုခြင်း စသည်တို့ကို ပံ့ပိုးမြှင့်တင်ပေးရမည့်အပြင် အဆိုပါ နည်းပညာများကို လူတိုင်း အညီအမျှ ရယူအသုံးပြုနိုင်စေရမည်။

### (f) Partnerships

i. Strengthen current partnerships and build new partnerships among ministries and between Government and the private sector, civil society, academia and intergovernmental organisations at the global, regional, national and local levels, for the effective implementation of climate change adaptation and mitigation actions in Myanmar;

### (g) Transparency and accountability

i. Ensure transparency and accountability of all stakeholders through open decision-making, promoting public awareness and participation, and by providing access to information and access to justice;

### (h) Monitoring, evaluation, reporting and learning

i. Monitor, evaluate and report the implementation and progress towards achieving the purpose of this Policy and strengthen the capacities of all stakeholders in this regard.



### (စ) အတူတွဲဖက်ပေါင်းစပ်ဆောင်ရွက်ခြင်း

(၁) မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် လျှော့ချရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ဒေသန္တရ၊ နိုင်ငံ၊ ဒေသနှင့် နိုင်ငံတကာအဆင့် အသီးသီးတို့၌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အစိုးရအဖွဲ့အစည်းများကြားတွင် လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ ပညာရှင်များအကြားတွင်လည်းကောင်း လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းစေရမည့်အပြင် ပူးပေါင်းဆောင်ရွက်မှု အသစ်များကိုလည်း တည်ထောင်ဆောင်ရွက်ရမည်။

### (ဆ) ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိစေခြင်း

(၁) ဆုံးဖြတ်ချက်များ ပွင့်လင်းမြင်သာစွာချမှတ်ခြင်း၊ ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် ပူးပေါင်းပါဝင်မှုတို့ကို တိုးမြှင့်ခြင်း၊ သတင်းအချက်အလက်များ ရရှိနိုင်ရေးနှင့် တရားမျှတမှု ရှိစေရေးတို့ကို ပံ့ပိုးပေးခြင်းဖြင့် ဆက်စပ်ပတ်သက်သူများ အားလုံးတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိစေရမည်။

### (ဇ) စောင့်ကြပ်ကြည့်ရှုခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း နှင့် လေ့လာ သင်ယူခြင်း

(၁) ဤမူဝါဒ၏ ရည်ရွယ်ချက်အား အောင်မြင်မှုရရှိစေရေးအတွက် အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းတိုးတက်မှုတို့အပေါ် စောင့်ကြပ်ကြည့်ရှုခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ပတ်သက်သူများ အားလုံး၏

ii. Progressively improve the effectiveness and efficiency of actions under this Policy by encouraging continuous learning and knowledge–sharing at all levels.

15. The Government of the Republic of the Union of Myanmar will take the lead in implementing this Policy to achieve its purpose through cooperation and partnership with all sectors and stakeholders, at all levels, in line with the guiding principles of this Policy.

16. As a first step in implementing this Policy, the Government of the Republic of the Union of Myanmar do hereby adopt the ***Myanmar Climate Change Strategy and Master Plan*** to be implemented for the period 2018–2030 and, based on the periodic monitoring of the progress, to be revised as needed.



(၂) အလွှာအသီးသီးတွင် စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်းနှင့် အသိပညာ ဗဟုသုတများမျှဝေခြင်းတို့ကို အားပေးခြင်းဖြင့် ဤမူဝါဒ၏ လုပ်ငန်းစဉ်များ ထိရောက်အကျိုးရှိစွာ တိုးတက်မှု ရှိစေရေးကို မြှင့်တင် ဆောင်ရွက်ရမည်။

၁၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မူဝါဒပါ အခြေခံမူများ နှင့်အညီ မူဝါဒဆိုင်ရာရည်မှန်းချက်များအောင်မြင်စေရန် အလွှာ အသီးသီးရှိ ကဏ္ဍ အားလုံးနှင့် ဆက်စပ်ပတ်သက်သူများအားလုံး အတူတွဲဖက်ပူးပေါင်း၍ ဦးစီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၆။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဤမူဝါဒကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် ၂၀၁၈–၂၀၃၀ ခုနှစ် အတွင်းဆောင်ရွက်မည့် ***မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်*** ကိုချမှတ်ပြီး လုပ်ငန်းတိုးတက်မှုကို ကာလအလိုက် စောင့်ကြပ်ကြည့်ရှု၍ လိုအပ်သလို ပြင်ဆင် ရေးဆွဲသွားမည်ဖြစ်ပါသည်။